
27 December, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၇၂)
## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

၂၀၁၁-၂၀၁၂ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဩဂုတ်အထိ ဖြစ်ပါသည်။




၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံကျော် ဝင်ရောက်ခဲ့သည်။ နိုဝင်ဘာ ဒုတိယပတ်က ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၈** နှင့် နှိုင်းယှဉ်ပါက များစွာကွာခြားမှုမရှိဘဲ တရုတ်နိုင်ငံမှလွဲ၍ အခြားအင်အားကြီးနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုအသစ် ထပ်တိုးဝင်ရောက်ခဲ့ခြင်း မရှိသည်ကိုတွေ့ရသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဩဂုတ်လအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃ဒသမ ၇ ဘီလီယံကျော် ရရှိထားသည်။


ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၇၂)

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ကာလတူနှိုင်းယှဉ်ချက်

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဩဂုတ်) နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဩဂုတ်) တို့အား နှိုင်းယှဉ်ခြင်း ဖြစ်ပါသည်။




နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဩဂုတ်) နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဩဂုတ်) အား ကာလတူနှိုင်းယှဉ်ရာတွင် အမေရိကန်ဒေါ်လာ သန်း ၁,၂၅၀ ကျော် လျော့နည်းနေသည်။ နိုဝင်ဘာ ဒုတိယပတ်က ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၈** နှင့် နှိုင်းယှဉ်ပါက ၂၀၂၁ ဇူလိုင်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ သန်း ဝင်ရောက်ခဲ့ပြီး ဩဂုတ်တွင်မူ အမေရိကန်ဒေါ်လာ ၄ သိန်းကျော်သာ ဝင်ရောက်ခဲ့သည့်အတွက် ရင်းနှီးမြှုပ်နှံမှု ၁၁ ဆကျော် ကျဆင်းသွားပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဩဂုတ်လအချင်းချင်း နှိုင်းယှဉ်ပါကလည်း ရင်းနှီးမြှုပ်နှံမှု အဆ ၄၀ ကျော် လျော့နည်းသွားသည်ကို တွေ့ရသည်။


ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

27 December, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၇၂)
## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏအား ကာလတူနှိုင်းယှဉ်ချက်

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာ-ဩဂုတ်)တို့အား နှိုင်းယှဉ်ခြင်း ဖြစ်ပါသည်။





ကဏ္ဍအလိုက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်(အောက်တိုဘာ-ဩဂုတ်) ကာလတူ နှိုင်းယှဉ်ပါက စွမ်းအင်ကဏ္ဍနှင့် ဟိုတယ်ခရီးသွားကဏ္ဍမှလွဲ၍ အခြားကဏ္ဍများတွင် ကျဆင်းခဲ့သည်ကို တွေ့ရသည်။ အိမ်ခြံမြေကဏ္ဍမှာ ယခင်နှစ်ကာလတူထက် အဆ ၁၁၀ ကျော် ကျဆင်းသွားခဲ့သည်။ စွမ်းအင်ကဏ္ဍတွင် ယခင်နှစ်ကာလတူ ထက် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း၁,၄၀၀ ကျော် (နှစ်ဆ နီးပါး) တက်လာသည်။ နိုဝင်ဘာ ဒုတိယပတ်က ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၈** နှင့် နှိုင်းယှဉ်ပါက ထင်ရှားသော အပြောင်းအလဲများ မရှိခဲ့ဘဲ ၂၀၂၁ ဩဂုတ် အတွင်း မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀ ဒသမ ၄၇ဧသန်း ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ခဲ့သည်ကို တွေ့ရသည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၇၂)
နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### လအလိုက်ခွင့်ပြုထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ
၂၀၂၀ ပြည့်နှစ် အောက်တိုဘာမှ ၂၀၂၁ ခုနှစ် ဩဂုတ်အထိ ဖြစ်ပါသည်။




၂၀၂၁ ဇန်နဝါရီတွင် အတည်ပြုခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းအရေအတွက်မှာ ၁၅ ခု ရှိပြီး အာဏာသိမ်းပြီး ဖေဖော်ဝါရီမှ ဩဂုတ်အထိ အတည်ပြုခဲ့သော စီမံကိန်းအရေအတွက် ခုနစ်ခုသာ ရှိပါသည်။ နိုဝင်ဘာ ဒုတိယပတ်က ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၈** အရ ၂၀၂၁ ဇူလိုင်တွင် ခွင့်ပြုခဲ့သော စီမံကိန်းတခု ရှိခဲ့သော်လည်း ၂၀၂၁ ဩဂုတ်တွင် ခွင့်ပြုခဲ့သော စီမံကိန်း လုံးဝမရှိခဲ့သည်ကို တွေ့ရသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှုသာဝင်ခဲ့သည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန